www.burmeseclassic.com

မြန်မာနိုင်ငံစာရေးဆရာအသင်း
MYANMAR WRITERS ASSOCIATION

BURMESE CLASSIC .com

# မြန်မာနိုင်ငံစာရေး ဆရာအသင်း

# စာရေးနည်းလမ်းညွှန်သင်တန်း

# (၄/ ၂၀၁၃) ကဗျာစွမ်းရည်

www.burmeseclassic.com

www.burmeseclassic.com





# မာတိကာ



| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | ဘဝအလှ | ၁ |
| ၂။ | လိပ်ပြာငယ် | ၂ |
| ၃။ | မ တု မြူ | ၃ |
| ၄။ | ဆည်းဆာတမ်းချင်း | ၄ |
| ၅။ | ကလောင်ကိုင်ရင်းရေးခက်ခြင်း | ၅ |
| ၆။ | အိုအောစစ် | ၆ |
| ၇။ | တုန္နိင်းမဲ့မေမေ | ၈ |
| ၈။ | ကျောက်သင်ပုန်း | ၁၀ |
| ၉။ | မြန်မာပြည်ရဲ့သူရဲကောင်း | ၁၁ |
| ၁၀။ | မြစ်တစ်စင်းရဲ့ ကံကြမ္မာ | ၁၂ |
| ၁၁။ | မြေကြီးနှင့်တူသောစိတ် | ၁၄ |
| ၁၂။ | ရန်ကင်းသား | ၁၅ |
| ၁၃။ | နီလာရတုမှစိန်ရတုသို့ | ၁၆ |
| ၁၄။ | ရွာတန်းရှည် | ၁၈ |
| ၁၅။ | အမှားထဲက | ၂၀ |
| ၁၆။ | အရှုံးတွေရဲ့မြို့ | ၂၀ |
| ၁၇။ | အမျိုးဘာသာသာသနာ ထိန်းသိမ်းကြပါ | ၂၂ |
| ၁၈။ | ပွဲစားဆို | ၂၄ |
| ၁၉။ | လက်ခေတင် | ၂၅ |
| ၂၀။ | လော်ကာရွာ | ၂၆ |
| ၂၁။ | ကျေးရူးကမ္ဘာ | ၂၇ |
| ၂၂။ | စုပုံချစ် | ၂၉ |
| ၂၃။ | ခေါးရုံ | ၃၀ |
| ၂၄။ | အလင်းထဲကအမှောင် | ၃၀ |
| ၂၅။ | ရန်ကုန်သူ | ၃၂ |
| ၂၆။ | ကျွန်တော်တို့ရဲ့ ရွာကလေး | ၃၄ |
| ၂၇။ | လည်လည် | ၃၅ |
| ၂၈။ | ကြည့် | ၃၆ |
| ၂၉။ | ရင့်ကျက်ပင်အို | ၃၇ |


www.burmeseclassic.com

www.burmeseclassic.com




၃၀။ ကျညီပါ ........ ၃၈
၃၁။ တိမ်နဲ့ရေးတဲ့ဖတ်စာ ........ ၄၀
၃၂။ မန်ကျည်းပင် ........ ၄၂
၃၃။ ဝါကျွတ်ချိန်ခါ ........ ၄၃
၃၄။ အားသစ် ........ ၄၄
၃၅။ မေတ္တာ ........ ၄၆
၃၆။ အနာဂတ်အိပ်မက် ........ ၄၇
၃၇။ ငါးဖြာဂုဏ်အင် ကျေးဇူးရှင် ........ ၄၈
၃၈။ ဥဩ ........ ၄၉
၃၉။ နေရာ ........ ၅၀
၄၀။ ဆန္ဒ ........ ၅၁
၄၁။ မိုးချစ်သူများ ........ ၅၂
၄၂။ လရောင်ဝေးတဲ့ည ........ ၅၃
၄၃။ စစ် ........ ၅၄
၄၄။ ချိုးဖြူမ ........ ၅၅
၄၅။ ပုရွက်ဆိတ်သဘာဝ ........ ၅၆
၄၆။ ပြန်လည်သုံးသပ် တို့အိပ်မက် ........ ၅၇
၄၇။ အတွေးကဗျာ ........ ၅၈
၄၈။ မြေနိမ့်ရာလှံစိုက် ........ ၅၉
၄၉။ သမီးလေး ........ ၆၀
၅၀။ ရုပ်နှင့်နာမ် ........ ၆၂
၅၁။ သန်း ၆၀ အား ........ ၆၃
၅၂။ ငြိမ်းချမ်းခြင်း ........ ၆၄
၅၃။ ပစ်တိုင်းထောင် ........ ၆၅
၅၄။ တို့တောရွာလာလည်စေချင် ........ ၆၆
၅၅။ တို့ဓလောရွာဓလေ့ ........ ၆၇
၅၆။ မာန် ........ ၆၈
၅၇။ ပန်းဆက်သမား ........ ၇၀
၅၈။ မိတ်မေတ္တာ ........ ၇၀
၅၉။ ရှာမရှား ........ ၇၂
၆၀။ နှိုင်းဖွဲ့မမှီမေတ္တာရည် ........ ၇၅
၆၁။ ရေခပ်ချိန် ........ ၇၆
၆၂။ ပြောင်းလဲခြင်း ........ ၇၈

# ဘဝအလှ

မိုးစက်တို့ဝေ၊ မြေသို့ခ၍
ဝဿန်လက်ာ၊ ခါကောင်းပါ၏။

ရွက်ဟောင်းတွေကြွေ၊ ရွက်သစ်ဝေလို့
နွေဦးရောင်ဖြာ၊ ထွန်းလင်းပါ၏။

သစ်ရွက်တို့ခွေ၊ နှင်းရည်စက်တို့
ပက်ဖျန်းချိန်ခါ၊ မြူနှင်းမှုန်၏။

လပေါင်းတစ်ထောင်၊ သာပါသော်လည်း
နေမင်းရောင်ဝါ၊ ဂုဏ်ဆောင်ပါ၏။

အချိန်အခါ၊ တောက်ပသော်လည်း
ပညာမတတ်က၊ ဆင်းရဲပါ၏။

**မချိုမျှက်ဝန်း**

www.burmeseclassic.com

www.burmeseclassic.com





# လိပ်ပြာငယ်

အရောင်လှတဲ့ လိပ်ပြာငယ်
စုပေါင်းပျံနေတယ်။

လေဟုန်စီး၍ ပျံတက်ရင်း
သစ်ပင်ပေါ်မှဆင်း။

စိမ်းပြာလဲ့လဲ့ ရေကန်ဆီ
သူလေးသွားနေသည်။

လိပ်ပြာပျော်တဲ့ရေကန်လေး
ငါလည်းသွားချင်သေး။ ။

သူသူ(ဥပဒေ)

BURMESE CLASSIC .com





# စု–တု–ပြု

တ'စု'တဝေး၊ အ'တု'လေး
အ'ပြု'တွေးနဲ့ရေး။

'စု'ထားစာပေ၊ 'တု'ယူလေ
'ပြု'မှုလေးနဲ့ရေး။

'စု' ပါ 'တု' ပါ
'ပြု'စုကာဝါသနာနဲ့ရေး။

အမျိုးဘာသာ၊ သာသနာ
အမျိုးဂုဏ်နဲ့မြှင့်တင်ပါ။

စာပေပညာ၊ စေတနာ
စာပေဂုဏ်နဲ့ မြှင့်တင်ပါ။

နိုင်ငံအကျိုး၊ ရွက်သယ်ခါ
ဇာတိဂုဏ်နဲ့ မြှင့်တင်ပါ။ ။

မောင်ညက်ညော

www.burmeseclassic.com

www.burmeseclassic.com



# ဆည်းဆာတမ်းချင်း

နှလုံးသားရဲ့ ချစ်ခြင်းခံစားမှုနံရံတွေ
ရင့်ရော်နေပြီလား။

နှလုံးသားရဲ့လိုအပ်ချက်တွေ
ဦးနှောက်ကမေ့ထား။

အတိတ်ရဲ့ကောက်ကြောင်းအချို့
နွမ်းကျေမွလို့သွား။

မလန်းတော့တဲ့ အာရုံက
နိဂုံးနောက်မှာထား။

မှုံ့တွနေတဲ့ အရေပြားအက်ကွဲပါးပိန်ကို
နမ်းရှိုက်ဦးမှာလား------။ ။

**ပန်းသီး(ရွှေဘောင်းသာ)**



# ကလောင်ကိုင်ရင်း ရှေ့ဆက်ခြင်း

ငါနဲ့မှန် ရင်ဆိုင်မိ
မှန်ထဲမှာ သိခဲ့တယ်။
မှန်ပေါ်က အဘိုးအို
စိတ်ကပျို ရုပ်ကအို
ခေါင်းပေါ်က ဆံပင်ညို
အဖြူရောင်ထင်နေဘိ
ငါမသိခဲ့လေတယ်။
ငါးရိုးဝါးလာတဲ့သွား
ထမင်းဝါးလို့မကောင်း
ဖရာတွေထောင်းပြီပေါ့။
ခြောက်ကပ်ကပ်အသားရေ
ပါးရေနာရေတောင်တွန့်
ငါ့အားတွေမဆုံ့သေး
ကဗျာတွေရေးဦးမယ်။
အို----ကလောင်နဲ့ဖြူခွင်း
စကြာဝဠာတောင် အရောင်လက်
တိုင်းပြည်အတွက် အရောင်တက်
မနက်လင်းလက်စေတယ်။
ဖန်တီးတဲ့ သူကအို
ကဗျာက နုလျက်ပျို
တေးအလှသီဆိုရင်း
ကလောင်တံ မှောင်ယံခွင်း
ကလောင်ကိုင်ရင်း ရှေ့ဆက်နင်းမယ်။

**ထိုးရွှေတီ**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# အို့ဇအာစစ်

ကဗျာပညာ မင်လွန်းစွာကြောင့်
ခန္တာချို့ယွင်း နာဒိုမင်းလျက်
ဘယ်နင်းညာမြှောက် ကားဂိတ်ရောက်အောင်
စိတ်ရှေ့ဆောင်သည် ဖိုးမောင်ရေးစပ်ချင်သမို့ပါတည်း။

ပြေးခပ်လျှင်လျှင် အရင်တက်ထား
ထိုလိုင်းကား၌ ခြေဖျားထောက်ထောက်
လက်မြှောက်မြှောက်နှင့် ဟိုရောက်ဒီယိမ်း
ကားကူဟိန်းဟောက် ရှေ့နောက်ထိုးတိုး
မကြည့်ဆိုးလည်း အမျိုးသာကီ
ဘာမထီမို့ စိတ်ရှည်မဖောက်
မေတ္တာရောက်သည် ပန်းပေါက်သည်သို့ပါပေတည်း။

ဆူးလေမြတ်ရှင် ဝိုင်းကွေ့ဝင်ပြီး
မနီးမှတ်တိုင် လက်ကိုကိုင်၍
မငိုင်ချက်ချင်း အမြန်ဆင်းဟု
သူမင်းကြား မှတ်ယူထားသို့
သူ့ကားပေါ်က မြန်မြန်ကြွလို့
တွန်းချပို့လည်း တို့ကျွန်မျက်မွဲ
သည်းခံရဲသည် မဆဲလျှင် ဖြစ်သမို့ပါတည်း။

ဖွဲ့အာဘာဝီ လုံ့လညီထောက်
ဗိမာန်ရောက်သော် စိတ်နောက်စရာ
မဟာလှေကား လျှပ်သွားစာတု
ရပ်ပြုမရ ဌကျကျမို့



အားဆာစိတ်ခိုင် ခပ်ယိုင်ယိုင်ဖြင့်
ဆွဲကိုင်လက်ရန်း လှမ်းပြီးလှမ်းသည်
ထက်နန်းစာပေ ဗိမာန်သို့ပေတည်း။

စိတ်ကြဲလို့သာ ရောက်ရှိလာပြီ
၃-ထပ်ညီမှာ ရေကြည်တွင်းမှ
နှလုံးလှဖြင့် သုံးရခါခါ
အေးမြရာသို့ ဖန်ဝါနေမင်း
အရောင်ပြင်းမှ ချက်ချင်းသီတာ
လစန္ဒသို့ ကြိုးစွာမီးပုံ
ရေခဲအုံသို့ ပူကြံ့ခပင်း
ပျောက်ဘိကင်းလှစ် လယ်တွင်းစောချစ်
ထိုင်ကာဟစ်ပြီး အချစ်ဆရာ
မြင်းမူဌာက ကဗျာခေါင်ရိုး
မောင်နိုင်မိုးလည်း ဖြိုးဖြိုးမစဲ
ငယ်ကတဲ(တည်း)နှင့် ခုလဲ(လည်း)စပ်လာ
ထပ်တစ်ရာလား ကဗျာအားကို
ချွတ်ထားရှုရှု ဘီဆိုပြ၍
မနစ္စင်ပျော် သာစုတော်ကြီး
မြင်းမိုရ်ဟီးအောင် စည်တီးဆောင်မည်
လူ့ဘောင်ပြည်လုံး ညံစေသတည်း။ ။


ဦးကြည်မောင်

www.burmeseclassic.com

www.burmeseclassic.com




# တူနှိုင်းမဲ့ မေမေ



✍ မေမေ့မေတ္တာ၊ နှိုင်းဆိုရာမဲ့
ဝမ်းကြာတိုက်ဝယ်၊ လူ့မမယ်ခင်
သွယ်သွယ်ကြုံ့ရ၊ ဝဋ်ဒုက္ခကို
ရွှန်းမြလနယ်၊ စိတ်မှန်းခွယ်၍
ကာကွယ်စောင့်ရှောက်၊ လူလားမြောက်အောင်
မကြောက်သေဘေး၊ ရင်မှသွေးကို
အလေးခံကား၊ လွယ်ရှုရာသည်
ကြင်နာဝေဖြာမေ့မေတ္တာ။

✍ မွေးဖွားသန့်စင်၊ လူဖြစ်စဉ်ဝယ်
သိမြင်အစ်ရာ၊ တတ်ပညာကို
ညွှန်ကာသင်ပြ၊ ဘဝလှရာ
ဆုံးမရှာသူ၊ အမေဟူကား
သွင်တူလမင်း၊ ငွေရောင်ဆင်းနှင့်
ထွန်းလင်းတောက်ပ၊ အေးမြလှ၍
စမ်းကျရေနယ် မေတ္တာသွယ်။
အရွယ်ရောက်လာ၊ အချစ်ရှာ၍
အိမ်ရာထောင်ထား၊ ခွဲခွာသွားလည်း
ပွားများမေတ္တာ၊ ဆုတောင်းကာဖြင့်
လာရာမျှော်မှန်း၊ စိတ်မှာတမ်းတ





အလွမ်းမျက်ရည်၊ ကြိတ်၍သီကာ
မမီနိုင်ရာ၊ ပြိုင်သူသာရှုံး
မှန်ရာဖွဲ့ဆုံး မေမေ့ပြုံး။

✍ အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင်ပင်
ဂုဏ်အင်မြတ်စွ၊ မေမေ့လှသည်
နေစပျောက်တွယ်၊ မှောင်သည့်နယ်လည်း
ညှိုးရော်မန္တမ်း၊ မေတ္တာပန်းဝေ
လန်းဆန်းနေမှာ၊ အစဉ်သာမို့
မကွာမှီကျိုး၊ စဉ်ရှိခိုးမည်
မြတ်နိုးတည်လျက် သမီးတွက်။ ။

**လမိုဝ်လေး (မောင်းမကန်)**

www.burmeseclassic.com

www.burmeseclassic.com



# ကျောက်သင်ပုန်း

ကျောက်သင်ပုန်း ကျောက်သင်ပုန်း
ရှေးခေတ်သုံးတဲ့ ကျောက်သင်ပုန်း။

ကျောက်သင်ပုန်းနဲ့ ဘာလုပ်တယ်
စာရေးစသင်တယ်။
ထိုခါမှကွယ် နောင်တစ်ခေတ်
စာဆိုရှင်ကြီးဖြစ်။

ကျောက်သင်ပုန်း ကျောက်သင်ပုန်း
ခုခေတ်သုံးတဲ့ ကျောက်သင်ပုန်း။
ကျောက်သင်ပုန်းနဲ့ ဘာလုပ်တယ်
ဂိမ်းတွေကစားတယ်။

အသားတွေဖယ်၊ အရိုးချစ်
ကျောင်းစာ တာဝန်လစ်၊
နှောင်းခါ မျက်လုံးနစ်။

ကျောက်သင်ပုန်း ကျောက်သင်ပုန်း
ခုခေတ်သုံးတဲ့ ကျောက်သင်ပုန်း
ကျောက်သင်ပုန်းနဲ့ ဘာလုပ်တယ်
သုတရှာမှီးတယ်။

ကမ္ဘာကြီးဝယ် နောင်တစ်ခေတ်
စွယ်စုံရှင်ကြီးဖြစ် ။ ။

ပညာဗိုလ်(ကျောက်ဆည်)



# မြန်မာပြည်ရဲ့ သူ့ရဲကောင်း

ကျွန်မနေတာ ဗဟန်းမှာ အမေစု အိမ်နဲ့၊
နီးနေတာ။
မေစုဟာ၊ ဗိုလ်ချုပ်သမီးမို့
အမျိုးသမီးထုတွက် ဂုဏ်ယူစရာ။

ကမ္ဘာကျော်တဲ့ အမေစုဟာ၊ သတ္တိရှိလို့ပါ။
မြန်မာပြည်ရဲ့ ဂုဏ်ယူစရာ ဒေါ်စုရှိနေတာ။

ပြည်သူအပေါ် မေတ္တာထား
ကိုယ်ကျိုးစွန့်တာများ။
တစ်ကမ္ဘာလုံးက ဂုဏ်ပြုတာ၊ အမေစုလုပ်ရပ်ပါ။
မြန်မာပြည်ရဲ့၊ ဂုဏ်ယူစရာ
အောင်ဆန်းစုကြည်ပါ။

ဗိုလ်ချုပ်သမီး အာဇာနည်
အောင်ဆန်းစုကြည်လာပါပြီ။
ဗိုလ်ချုပ်အမည်ဘယ်လိုခေါ်
အောင်ဆန်းဗိုလ်ချုပ်နော်။
ကိုလိုနီလက်အောက် နှစ်တစ်ရာ
ကျွန်သပေါက်ဖြစ်ခဲ့တာ။
သူ့ကျွန်ဘဝ နေမရ
စုပေါင်းတော်လှန်ကြ။
ဗိုလ်ချုပ်သမီး အမေစုက
အောင်ဆန်းလိုပဲဗျ ။ ။

www.burmeseclassic.com

www.burmeseclassic.com






# မြစ်တစ်စင်းရဲ့ ကံကြမ္မာ



ဧရာဝတီ ဧရာဝတီ၊ အမိကဲ့သို့ ဧရာဝတီ။
ကျေးဖူးတရား အလှများနှင့်
သူ့အကြောင်းကို ပြောရင်မပြီး
ရေစီးအလား စဉ်ဆက်များ၏
ကြာခဲ့ပါပြီ ဧရာဝတီ။

အို-- ဧရာဝတီ ဧရာဝတီ
စစ်ကိုလည်းကြုံ၊ အဖုံဖုံသည်
ကြုံခဲ့ဆုံခဲ့ဖူးခဲ့ပါပြီ။
အော်-- ဧရာဝတီဆိုခဲ့ပါပြီ
ငိုခြင်းရှည်တို့ နေ့တေးညတေး
စစ်ဘေးစစ်ရေး၊ ဒေါရောထွေးထွေး
နေ့မှာလည်းငို၊ ညလည်းငိုနှင့်
အမေငိုခဲ့တာကြာပြီပဲ။

အင်း-- သက်ပြင်းသံပြင်း ဒီငိုခြင်းတွေ
သံစုံထွေပြီး ဆိုဆိုငိုငို၊ အမေဆိုခဲ့။
အိုး-- ဘယ်လိုဘယ်ကံ ဖန်လာစေဦး
အမှိုက်သရိုက် အလိုက်အထိုက်
စီးခဲ့ရေစီ မြောပြီး မြောပြီး
သိမ်းဆည်းမထား သွားစေသား။



အယ်-- အမေ့ကိုလေ ပိုင်းတစ်ပစ်ပြီး
ဟိုမယ်ဒီမယ် ရေကာတာဆည်
သွယ်သွယ်မပြီး ငြီးငြီးဆန္ဒ
အမေ့အလှ ပျက်စီးခဏ
ကြည့်ကြကြုံကြ ဆိုးလှပါသည်
ဘာကိုလိုလို ဆိုဦးဆို့။

အလို-- အမေ့ရင်တွင်း သက်ဆင်းဖြားခံ
မချွင်းမချန်၊ ပြောချင်ပြန်လည်း
အမေ မပြောသာခဲ့ပြီ။

ငိုသာငိုကြွေး၊ ငိုတေးဖြစ်ဖြစ်
ချီသာဆိုအေး၊ ချီတေးဖြစ်ဖြစ်
ဖြစ်ပုံပျက်ပုံ၊ အလုံးစုံကို
ဘယ်လိုကြုံကြုံ၊ အမေမဖြုံ
ဖြစ်အင်လည်းစုံ၊ အမေ့ပုံကို
ဘယ်ခါကြည့်ကြည့် ရင်မှာထိသည်
အို ဘယ့် အမေသည် ဧရာဝတီ။ ။

**ချစ်စည်သူ( ဒေါ်ခင်မူမူငြိမ်း)**

www.burmeseclassic.com

www.burmeseclassic.com



# မြေကြီးနှင့်တူသော စိတ်

မြေဌ်နေသူ လူတို့မှုကား
ထိုလူယိုပစ် မစင်ညစ်များ
စဉ်စစ်မလျော့ မြေဌ်ပေါ်၏။

မြေသည် ငြင်းဆန် လက်မခံဟု
တုံ့ပြန်သည့်စိတ် မယိုဖိတ်ခဲ့
ညှိုးငယ်စိတ်မရှိ တည်ငြိမ်ဘိ၏။

လူတို့သည်ပင် အလှဆင်လို
ပန်းပင်ပျိုးစိုက် မြေပေါ်ဌ်တည့်
ကန့်ကွက်တွန်းလှန် မငြင်းဆန်ခဲ့
တစ်ဖန်လိုလား မရှိငြားတည့်။

ကောင်းဆိုးနှစ်တန် ပြန်အလှန်ကို
ရည်သန်စိတ်တွင်း မသွတ်သွင်းခဲ့
မြေနည်းထုံး ပမာသုံးရန်
လုံးလုံးဆန္ဒ လွှန်ပြင်းပျ၏။

သာဓုသံမြည် ဝေဝေစည်----လော့။ ။

**ကျော်ဇင်ဝင်း**



# ရန်ကင်းသား

ရန်ကင်းမြို့ရဲ့တည်နေရာ
အရှေ့ပိုင်းဒဂုံမြို့နယ်ပါ။
အနုပညာရှင်အများအပြား
ဒီရန်ကင်းမှာရှိပါသလား။

သာယာလှတဲ့ အင်းလျားကန်
ဆီဒိုးနားဟော်တယ်နဲ့ မျက်နှာချင်းဆိုင်။
အထင်ကရ ရန်ကင်းဈေး
အနောက်ရန်ကင်းမှာရှိနေသေး။

သတ္တုတွင်းရှိုးနေရာ
ကလေးဆေးရုံဖြစ်သွားတာ။
အရှေ့အနောက်ပိုင်းခြားထား
ဂျိုးဖြူပိုက်လုံးကြီးပါလား။

ရန်ကင်းမြို့ရဲ့ ကျက်သရေဆောင်
မိုးကောင်းစေတီ ဖူးရအောင်။
ပွတ္တာလစ်ဈေးရဲ့ နေရာဟောင်း
ရန်ကင်းစင်တာမှတ်လို့ကောင်း။

ရန်ကင်းသားဖြစ်တာ ဂုဏ်ယူစရာ
ဘယ်နေရာရောက်ရောက်မမေ့နိုင်ပါ။
အဝေးရောက်ငယ်သူငယ်ချင်းများ
ရန်ကင်းမြို့ကို ပြန်လာပါလား ။ ။


**ရွှေမိုးယံ(ရန်ကင်း)**

www.burmeseclassic.com

www.burmeseclassic.com



# နီလာရတုမှ စိန်ရတုသို့



- အကြည့်ချင်းဆုံ၊ စိတ်အာရုံဝှင်
သည်းငုံပွင့်ဖူး၊ အချစ်ဦးမို့
အရွှးအမူးချစ်မိသည်။


- ရယ်ရယ်မောမော၊ တသောသောလျှင်
သူ့ပြောသံလေး၊ စိတ်အတွေးနှင့်
မဝေးတော့ဘူးထင်မိသည်။

- ချိုရွှင်ပျပျ၊ တဖွဖွပင်
နှုတ်မှမြည်တမ်း၊ မှာချင်စည်းလည်း
အလွမ်းမျက်ရည်ဝေမိသည်။

- တစ်နေ့မပြတ်၊ မမေ့ရက်ကြောင်
နှစ်သက်ရင်မှာ၊ ချစ်ချင်ပါလည်း
ရှည်ကြာရက်များဆွေးမိသည်။

- တွေးတောစိတ်ရှည်၊ နှုတ်မတည်လည်း
ယုံကြည်လေးမြှတ်၊ အသက်ဆက်၍
ချစ်တတ်သူမှာယုံမိသည်။





- ဆုံးဖြတ်ချက်ချ၊ မမေ့ကြကြေး
ငွေလသာလျှင်၊ မောင်မယ်ကြင်ဖို့
သူပင်စေစားခဲ့တော့သည်။

- မယုံမရဲ၊ စုံညီနွဲ့ပျော်
ချစ်ပွဲမျှော်ရည်၊ ခရီးသည်လမ်း
လျှောက်မည့်လက်ကမ်းပေးမိသည်။

- အသက်ထက်ဆုံး၊ ပစ်မမုန်းဘူး
အပြုံးချိုမြ၊ ချစ်လက်စကို
ဖြတ်မရအောင်နိုင်ခဲ့ပြီ။

- ပြန်လည်တမ်းတ၊ တို့ဘဝကို
မှန်းဆကြည့်သော်၊ ဆယ်စုကျော်သည်
ချစ်ဖော်သက်တမ်းဆက်ခဲ့ပြီ ။ ။

**နီလာထွန်း(ရွတွ)**

www.burmeseclassic.com

www.burmeseclassic.com





# ရွာတန်းရှည်

✍ ကိုင်းဧရာရွှေ
သာယာဝေ
ရွာတန်းရှည် "တပင်ချောင်း" မြေ။


✍ မိုးဖြောင့်ဖော်ရွှေ
ကရင်ချေ
ရိုင်းပင်ချစ်ခင် တူယှဉ်နေ။

✍ သာသနာမွေ
ထိန်ဝါပေ
"ရွာဦးစေတီ" သိသက်သေ။

✍ မင်္ဂလာတွေ
သင်ပါချေ
ရွာလယ် "ဘုန်းကြီးကျောင်း" မှာလေ။

✍ ရိုးရာမသွေ
ထိန်းသိမ်းစေ
"ကောက်သစ်စား" လှိုနှစ်ကူးပေ။





✍ ရှေးထုံးနည်းတွေ
ရိုးရာမွေ
"လိပ်ပြာခေါ်ပွဲ" နွဲကြပေ။

✍ ယာဉ်ကျေးမှုမွေ
ကမ်းဆောင့်စေ
စုဖွဲ့ "ဒုံး" က မြိုင်လှပေ။

✍ ပျော်ခတ်ရှိစေ
ညီနောင်တွေ
"ရွေး" ပေါ် "ဝိုး" တစ်လုံးနဲ့လေ။

✍ တံတားလမ်းမြေ
ကန်တွင်းရေ
စုပေါင်းအားနဲ့ တည်ခဲ့ပေ။

✍ ရွာကျက်သရေ
လွှန်တင့်နေ
ကျောင်းတက်ခေါင်းလောင်းသံတွေဝေ။ ။


မေမြတ်မွန်

www.burmeseclassic.com

www.burmeseclassic.com




# အမျှားထဲက



မထုးဖာတ်ခင်းပြီး
အဖြစ်မှန်ကို သိုးရေခြုံ
လုံပြီအထင်နဲ့ ကခုန်ကြည့်
ဖွတ်မိုတ်လို့ ကြိတ်ကာမျို
ဆို့နင့်နင့်ရင်မှာ
ဝေဒနာတစ်ချက်
ခါးသက်သက်ဆိုပေမယ့်
ပျားစက်လို့ထင်ခဲ့
လက်စသတ်တော့ မိုးခါးရေပဲ ။ ။

**မိုးမြေပေါ်တ်**





# အရှုံတွာရဲ့ မြူ

ဒက်ရာအားလုံးရဲ့အဖြေက မပြတ်သားခြင်း
တရွေ့ရွေ့ချဉ်းနင်းလာတဲ့ ခြေလှမ်းများ
မလာနဲ့တားဖို့လဲ အင်အားမရှိ
အဆုံးထိခွင့်ပြုဖို့လဲ သတ္တိနည်း
ဟုတ်တယ် ကိုယ်ကမရဲဝံ့ဘူး
နောက်ပြီး နည်းနည်းလဲ ရူးနေသေးတာ .....

မာကျော့အေးစက်တယ်လို့တော့ မစွပ်စွဲနဲ့
ဘယ်လောက်ထိရှိခဲ့ဖူးမှန်း မသိရင်
ရင့်ကျက်ချင်ယောင်ဆောင်တယ်ဆိုတာ
ထုံဆေးကြောင့် မနာကျင်ရသလိုမျိုး
အာရုံခံနာဗ့်ကြောတွေကို ခိုးယူဖွက်
ဝေဒနာမသိရုံသက်သက်မျှသာ............။ ။


**သစ္စာမြတ်**

www.burmeseclassic.com

www.burmeseclassic.com



# အမျိုးဘာသာသာသနာ ထိန်းသိမ်းကြပါ




ဝါကျွတ်ချိန်ခါ ၊ ပြည်မြန်မာတွင်
သူငါအများ ၊ ပျော်ပျော်ပါးပါး
ဘုရားဖူးကြ ၊ လှူဒါနလည်း
ပြုကြပါမည် ၊ မြန်မာပြည်ဖွား
သည်မြန်မာများ ၊ သတိထားဖို့
မှာကြားလိုရာ ၊ ရှိနေပါသည်။

ထိုရာသည်ကား ၊ သမီးသားတွေ
မျိုးခြားဘာသာ ၊ ပြောင်းသွားတာပင်
မျိုးဘာသာပျက် ၊ ဖြစ်သွားချက်ကား
ရေတွက်မရ ၊ များပြားလှသည်။

ထို့အတွက်ပင် ၊ မြဲအစဉ်သာ
စိတ်တွင်စွဲထား ၊ မိဘများက
ဝတ်ငါးပါးနှင့် ၊ သားသမီးများ
ဝတ်ငါးပါးကို ၊ ထင်ရှားမပျက်
ထိန်းသိမ်းလျက်ပင်။





ဆက်လက်၍သာ
ဗုဒ္ဓဘာသာ ၊ မြန်မာပြည်မှာ
မြဲဖို့ရာနှင့် ၊ မြန်မာမျိုးများ
မပျက်သွားရေး ၊ ဦးစားပေးကာ
ကြိုးစားပါဟု ၊ မေတ္တာပွားကာ
ရေးသားပါသည်။

မြန်မာပြည်မှာ
ဗုဒ္ဓဘာသာ ၊ သာသနာသည်
မြဲစွာတည်လျက် ၊ ပြည်သူပြည်သား
ကမ္ဘာသားများ ၊ အားလုံးကျန်းမာ
ရွှင်လန်းတာပင် ချမ်းသာကြပါစေသတည်း။


ထွန်းအောင်

www.burmeseclassic.com

www.burmeseclassic.com



# ပွဲစာဆို



သူ့နယ်မှာလည်း ပွဲစာဆို
ကိုယ့်နယ်မှာလည်း ပွဲစာဆို
တို့ဆီမှာ ဝေဝေလျှမ်းပါတဲ့
မြန်ပြည်စို စာဆိုပန်းရယ်က
လန်းလျက်ပါကို။

ဆို အပြောတွေနဲ့
ဟောလေမကွဲ့ပညာကို
စာဆိုကပေး။

ခက်ခဲကိုကျော်
လက်တွဲကာတူပျော်ပျော်နှင့်
စာဆိုကျော် နတ်တော်လမှာလ
စာကဝေ ဟောတာတွေမှတ်ရအောင်
အပေါင်းအသင်း ရောင်းရင်းများရယ်
နားဆင်စို့လေး ။ ။

**(စာဆိုတော်နေ့သို့ ရည်ရွယ်လျက်)**
**ကိုရွှေဝင်းသန့်**



# လက်ဆောင်



သံယောဇဉ် အမျှင်တန်း
ရှင်ခန်းတွေ ဘယ်လိုဖြတ်ဖြတ်
မမုန်းရက်နိုင်ပါဘူးကွယ်။
သိဝ်ချစ်မိသူမို့
အပြစ်ဆိုကာ စိမ်းသွားလည်း
နှလုံးသားက အစဉ်သတိရနေသူပါ။

ဘဝဆုံးထိ ချစ်ကြမယ်လို့
ကတိစကားတွေ ဘယ်လိုဆိုဆို
ရွှေးရေစက်ကံ နည်းခဲ့တာအမှန်ပါ။
ထားခဲ့လို့ နေခဲ့ရတယ်ဆိုပေမယ့်
ဝေးသွားခဲ့လို့ သတိရနေတာ
ချစ်သူ မသိလေရော့သလား။

လမ်းခွဲထားခဲ့ခြင်းရဲ့ရလဒ်က
နာကြင်မှုတွေ ရင်မှာပိုက်လို့
နောင်ဘဝထိ ဆက်ချစ်နေမယ့်သူပါ။
အသည်းနှလုံးဆိုတာ
နူနယ်တဲ့အရာမို့
မရက်စက်ပါနဲ့တော့လား။


ရှောင်ဖယ်ကာနင်ထွက်ပြေးလည်း
အတင်းလိုက်ခွင့် မရှိတာမို့
အသည်းနှလုံး လက်ဆောင်ပေးလိုက်မယ်။

**အရိုင်းမင်း**

www.burmeseclassic.com

www.burmeseclassic.com






# လော်ကာရွာ

✍ ''ရွှေမင်းဝံ''တည့်
မည့်အမည်ထား ၊ ဘိုးဘွားရိုင်းသာ
နားခိုရာနှင့် ၊ ကြည်သာအေးကြောင်း
ကောင်းမြတ်ခမ္ဘ ၊ တရားပြရာ
ယာယီမဏ္ဍပ် ဝါးသစ်ပေ။

✍ မြို့မြောက်သို့လာ ၊ မင်္ဂလာဒုံ
ဝါယာလက်ဖျို့ ၊ ကျိုက္ကလိုရှင်
အမြင်သာစွ ၊ မြို့ပြရပ်ရွာ
စိမ်းသစ်သာစေ ၊ ''ဂျိုးဖြူ''မြေနှင့်
သောက်ရေသုံးရေ ဖြန့်သည်လေ။

✍ ချစ်ခြင်းသံဝေ ၊ မောင်မိုးဆွေနှင့်
မမေဇင်မြင့် ၊ ဝုဏ်တင့်စေသား
စုလျားရစ်ပတ် ၊ ရက်မြတ်ချိန်ခါ
ကြွပါကြွပါ ၊ ဆွေသဟာ
မင်္ဂလာလော်ကာဖြင့်ချွေ ။ ။





✍ အဘဦးခင် ၊ သက်ခြောက်ဆယ်တွင်
ကွယ်လွန်ပြောင်းသွား၊ ဘဝတစ်ပါး
ညှိုးငယ်စိတ်ထား၊ ဖိတ်ခေါ်ကြားသည်
တရားရှုမျှော် ၊ ကြွနာတော်မှ
အော်ရှာ လော်ကာဖြင့်လေး။

✍ သခွားသီးသုပ် ၊ ရှောက်သီးသုပ်လေး
ရှုံးရှဲထွေးချို ၊ သွားရည်ယိုဖို့
မချိုသဘော် ၊ မြင်းချွာရောရှင့်
ဟော လာပြီနော် ၊ တကြော်ကြော်ခေါ်
တလေးမျှော် လော်ကာတည့်လေး။

✍ သာရေးနာရေး ၊ ဈေးလှည်းမဲဝေ
ရပ်မှတွေ့တွေ့ ၊ သိကြစေမင်း
သတင်းကြေညာ ၊ ပြည်ရွာသာကြောင်း
ခေါင်းလောင်းမမည်၊ ကျယ်ဝေစည်၏
ဒူဝေဝေ ''မောင်းလော်''နှင့်လေး ။ ။


စိမ်း

www.burmeseclassic.com

www.burmeseclassic.com



# ကျေးရွာကမှာ




သင်ဆရာ .........
မြင်ဆရာ ..........
မိန့်အမှာလျှင် .............

| | |
|---|---|
| သွန်းဖြာတွေးဆ ၊ | မြတ်ဂုဏ်လှဖို့ |
| ''ဘဝ''မြစ်ပြင် ၊ | လှိုင်းသက်ဆင်ဖို့ |
| ''ရင်ခွင်''ရှင်နုး ၊ | မြတ်ဂုဏ်ထူးဖို့ |
| ''ဖော်ကျူး''ထွန်းပ၊ | နိုင်ငံလှဖို့ |
| နီးထမြော်မြင် ၊ | ပြည်သစ်လွင်ဖို့ |
| ကြည်ရွှင်စိတ်ကူး ၊ | ဆန်းသစ်ထူးခြား |
| မိဋ္ဌာန်အားဖြင့် ၊ | စဉ်နီးကြွားဖို့ |
| မွေးဖွားသွန်သင် ၊ | ရွှေလှိုင်းဆင်ကာ |
| ရွှေရင်ခုန်ထူး ၊ | ရွှေစိတ်ကူးများ |
| ရွှေချိုးလင်္ကာ ၊ | ရွှေမြန်မာတွေ |
| ရွှေလွှာထွန်းတင့် ၊ | ရွှေဂုဏ်ဆင့်ဖို့ |
| ရွှေဝင့်ပါဠိ ၊ | ရွှေမင်္ဂလာသွင် |
| အရောင်ဆင်သ ၊ | လှဂုဏ်တင့်စေသော်။ |
| ဂုဏ်ဆောင်ထွန်းပ၊ | လှဂုဏ်ဝင့်စေသော်။ ။ |

**သူရဲဝိုင်ဝိုး(ဝေနီသား)**





# စုပုံချစ်

(၁) ဖေဖေဒေါ်တ်တာ
ချစ်ရတာ
သားလေးတယ်ရှိပါ။
မေမေတူးတူး
အချစ်ထူး
သားလေးတယ်ရှိမြူး။
ပြုံးရယ်နေတာ
ချစ်စရာ
ပါးချိုင့်လေးနဲ့ပါ။
(၂) သားလေးကြီးရင် ဘာလုပ်မယ်
မေမေမေးချင်တယ်။
တီပါဘူးကွယ် မေမေရယ်
မံမံချားချင်တယ်။
ချားပြီးရင်တွယ် ချော့အုံးမယ်
တားတားချူးပေါက်မယ်။
စားလိုက် ဆော့လိုက်
သူ့အကြိုက်
ခလေးဘာဝသူ့စရိုက်။
(၃) သားလေးကြီးရင် ဘာလုပ်မယ်
ဖေမေမေးချင်တယ်
ယူတွေကိုချေးထိုးမယ်
ဗွားတွေနှတ်ပါမယ်
တားတားချေးတုမယ်
မဗီကလာသူ့စကား
အဖေအမေချစ်တဲ့
တစ်ဦးတည်းသား ။ ။

**ကလျာနွယ်**

www.burmeseclassic.com

www.burmeseclassic.com



# ဆေးရုံ

✍ အရေးပေါ်လူနာ
သေတော့မှာ
မြန်မြန်လုပ်ပါဗျား။
ခဏနေရင်
ဆရာလာ
သက်သာသွားမှာပါ။

✍ မလာခင်မှာ
နာလို့ပါ
မခံနိုင်တော့ပါ။
နာလျှင်မနေး
မေ့ဆေးကျွေး
ပျော်အောင်သိပ်ပေး
အမေ့တေး။

✍ မဟုတ်ရပါ
ချစ်လူနာ
ဆရာကယ်မှာပါ။
ဆရာကယ်ဖို့
အဖြေထုတ်
ဆေးရာကငုတ်တုတ်။
ငုတ်တုတ်မလို
ငွေပဲလို
ထုတ်ပါမနေး၊ အခုပေး ။ ။

စိုင်းမြတ်ဟံသူ



# အလင်းထဲကအမှောင်

✍ မကျိုမချက်
စိမ်းသက်သက်ကို
နှစ်သက်ပါလျှင် သင်သောက်ပါ။

✍ ကျိုချက်ပြီးမှ
သင်သောက်ရလည်း
များလှအာဟာရ ရမည်မှာ။

✍ တစ်မျိုးဖောက်ချဉ်
ဒိန်ခဲပင်
သုံးလျှင်ကျိုးများရှိလှစွာ။

✍ ကျိုချက်ပျစ်နှစ်
မလိုင်ဖြစ်မှ
အပြစ်ဟုထင်
မကောင်းမြင်သည်
နို့တွင် အလျှဉ်းပြစ်မရှိပါ ။ ။

ကျော်စိန်(ကန်တော်လေး)

www.burmeseclassic.com

www.burmeseclassic.com



# ရန်ကုန်သူ

မိခင်မာတာ ၊ ပြည်မြန်မာ၏
သည်းချာရင်နှစ် ၊ မှန်ကင်းဖြစ်သည်
သစ်ဆန်းထွေစုံ ၊ မြို့ရန်ကုန်။

သမိုင်းရှည်လျား ၊ ပြည်ထောင်အားဖြင့်
ပြည်သားပြည်သူ ၊ ချစ်ကြည်တူမျှ
ထူထောင်ကြသည်၊ ပြည့်လှအမွန်
မြို့တော်ခွန်သည် ၊ နှစ်နှံ့စော်ကား
စနိုမ့်ပါး၍ ၊ ထင်ရှားမြို့တော်
စင်စစ်သော်မှ ၊ ကြားသော်မကောင်း
ဒုက္ခပေါင်းနှင့် ထောင်ထောင်းညက်ကြေ
ဆင်းသက်လေပြီ ၊ ပျက်လေအခင်း ဒုက္ခတွင်း။

အမိမြို့တော် ၊ သနစ်ဖော်သော်
ခေါ်သည်ပညတ် ၊ လင်ပစ်အပ်သည်
လစ်လပ်တစ်ခု ၊ ရင်ကိုထုလို့
စုစည်းလက်အား ၊ သမီးသားဖြစ်
အားထားလေရာ ၊ ရွှေပြည်သာ။



သခင်စွန့်ငြား ၊ မညည်းအားပြီ
သားချစ်ဒဂုံ ၊ တောင်မြောက်စုံရာ
ရဂုံသာထီး ၊ လှိုင်သာကြီးကို
တနည်းနောက်ကျန်၊ ရွှေပေါက်ကံနှင့်
အမြန်ခေါ်လာ ၊ ရွှေပြည်သာရယ်
မကြာယခု ၊ ဘုခရုတို့
လူမှုပညာ ၊ စားစရာပင်
ခါးမှာဝတ်ကင်း ၊ ကျန်းမာယွင်းသည်
မင်းရဲ့သခင်မြင်စေချင်။

ဇနီးချန်ရစ် ၊ သားချစ်သမီး
ပစ်ခွာပြီးသော် ၊ နေပြည်တော်ယိမ်း
ချော်ကာတိမ်းသည်၊ ပြည်ထိန်းမျက်ရှင်
မြတ်သခင်တို့ ၊ မြင်လှည့်စေချင်
ကောင်းစေလွှင်သစ် ရန်ကုန်ခေတ် ။။


ကိုချို

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်တို့ရဲ့ ရွာကလေး



ထနောင်းပင်လေးက ရွာအဝင်
ရေချမ်းအိုးနှင့် အလှဆင်။
ညောင်ညိုပြင် ရွာအရှေ့ဖျား
စေတီများနှင့်ပူဇော်ထား။

အထက်တန်းကျောင်းလေးက ရွာထိပ်မှာ
ကလေးများနှင့် ပျော်မွေ့စရာ
ကျောင်းသူကျောင်းသား တပည့်များ
ပညာရေးတွက် လွန်ကြိုးစား။


ရွာကလေးကို အလှဆင်
လယ်ယာလက်မှု လုပ်ငန်းခွင်
တေးငှက်သံစဉ် မြူးရွှင်ပျ
ကျေးလက်တို့ရဲ့သဘာဝ။

သစ်ပင်လေးများ စိမ်းစိုစို
ရွာကလေးသို့ လာစေလို
လာပါလိုခရီးမဝေး
ကျွန်တော်တို့ရဲ့ ရွာကလေး ။ ။

**ထီလာ - ရွှေသိင်္ဂီ**



# လည်လည်




ရင်ခွင်ထဲက လူလေးငယ်
ချစ်ဖို့ကောင်းလှတယ်။
သားငယ်လေးရယ် ငိုပါနဲ့
မေမေချော့မယ်ကွဲ့။
ဆိုးနွဲ့ပြီးတော့ ငိုတဲ့ခါ
မေမေစိတ်မောတာ။
တော်ကြာ ဖေဖေပြန်လာတော့
လည်လည်သွားမယ်ပေါ့ ။ ။

**မနီနီမြင့်**

www.burmeseclassic.com

www.burmeseclassic.com





# ကြည့်

✍ လောဘအတွက်
ဒေါသထွက်နေတဲ့ သူတွေ

✍ သောကအတွက်
မောဟဖက်နေတဲ့ သူတွေ


✍ လောကအတွက်
ဩချဖို့ခက်နေတဲ့ သူတွေ

✍ ဒါကိုလည်းပဲ၊ သဘာဝတရားလို့
ဆိုကြပါစို့။ ။

အိမ်တောင်(မြန်မာစာ)

BURMESE CLASSIC .com





# ရင့်ကျက်ပင်အို

✍ ဝသုန်မြေထက် ၊ အကြွေဆက်တဲ့
ရွှေရွက်တွေကြား၊ ချောက်ချား
မြောက်မြားစွာသော၊ ရွက်ကြွေတောကို
နမြောတမ်းတ ၊ နွမ်းလျလျဖြင့်
ငိုနေသလား သစ်ပင်အို။

✍ တနာသလို ၊ ကြွင်နာပိုလည်း
ပင်အိုရင့်ကျက် ၊ တည်ငြိမ်လျက်ပေ
ရက်စက်လေခြင်း၊ ပြစ်တင်ရင်းနဲ့
မုန်းခြင်းမဖြစ် ၊ စိတ်မညစ်သာ
ဖြစ်ပျက်ဆိုတာ ဓမ္မတာ။ ။

မိုင်တာနွယ်

www.burmeseclassic.com

www.burmeseclassic.com



# ကူညီပါ

သားသားချစ်တဲ့ မြန်မာပြည်
ရွှေတိုင်းတင့်တယ်သည်။
အနောက်ဆီက သတင်းမွှေး
ဘင်္ဂါလီရဲ့သေား။

မြစ်ရောလေး ချစ်စရာ
မေခါ၊ မလိခ ပေါက်ဖွားလာ။
ထိုနေရာလည်း မငြိမ်းသေး
လက်နက်သံတွေပေး။

လက်ပန်းတောင်းတောင်လည်း ဖြစ်နေတာ
ကိုဝမ်ပေါင်ရဲ့ ကျေးဖူးပါ။
ဖော့စပ်ဖီးရစ်စ်တွေကို သူမထုတ်
မီးသက်နီးသာထုတ်။

ရွှေလက်ကလေးနဲ့ ခေါ်နေတာ
အေးအေးဆေးဆေးအနားလာ။
မလာရင်လည်း သဘောပဲ
ဘုလ် လက်နက်နဲ့ ပစ်မှာပဲ။



လယ်ဆည်ဝန်လည်း မနေပါ
သူ့စကားလေးချစ်စရာ။
ထမင်းတစ်နပ်စား လယ်သမား
အကြွေးဆပ်ပါလား။

တွင်းထွက်တွေလည်း ကုန်သွားပြီ
သစ်ငုတ်တိုတောင် မကျန်ပြီ။
ကျန်စရာဆိုတာ တစ်မျိုးတည်း
ကြွက်မြွေဖားတွေပဲ။

တိုင်းသူပြည်သား တို့တစ်တွေ
ဒါမျိုးတွေကို မကြိုက်ပေ။
ဒို့နိုင်ငံ တိုးတက်ရေး
ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး။ ။

ရဲသူမြင့်

www.burmeseclassic.com

www.burmeseclassic.com





# တိမ်နဲ့ရေးတဲ့ ဖတ်စာ


✍ တချို့ကနေ့၊ တချို့ကည
အချိန်ကို နာမပြောင်း
ကာလအကြောင်း ပြောနေကြတာ။

✍ တချို့ကအသစ်၊ တချို့ကအဟောင်း
အမျိုးမျိုးနာမပြောင်း
အခွံဆောင်နေကြတာ။

✍ တချို့ကအကောင်း၊ တချို့ကအဆိုး
အကြောင်းနဲ့အကျိုးပြု
တောင်းဆိုနေကြတာ။

BURMESE CLASSIC .com





✍ လာ.....သွားစို့
ကမ်းလွန်နိဗ္ဗာန်ကျွန်းဆီ
ဗိမာန်စွန် ဘုံဖျားမှာ
သုညနဲ့ ကရအောင်
ငြိမ်းချမ်းရေး တေးတစ်ပုဒ်နဲ့
နတ်ဆောင်းရှင် စောင့်နေလေရဲ့။

✍ သက်တံအနားသတ်မျဉ်းကြောင့်
အကျဉ်းကျတိမ်အောက်မှာ
အိပ်မက်ကိုလက်ပြန်မှောက်
မနက်ဖြန်ရောက်ဖို့
ဝိဉာဉ်အစုံကို
ကြယ်မှုန်နဲ့လဲပြီး
လာ....သွားစို့ .....
ကမ်းလွန်နိဗ္ဗာန်ကျွန်းဆီ။

ဇော်

www.burmeseclassic.com

www.burmeseclassic.com



# မန်ကျည်းပင်

မန်ကျည်းပင်လေး သီးတော့မည်
ဖူးတံဝင့်လို့ချီ။

ယိမ်းနွဲ့ဟိုသည် သုပြေးလွှား
ဘယ်သူတိုက်လို့တား။

တို့တို့ဘွားတွေ စိုက်ခဲ့တာ
များစွာအပင်ပါ။

ဝေဆာသီးတာ တို့ရွာအား
ကောင်းစွာ ပျော်လို့သွား။

တို့အားလုံးလည်း စိုက်ကြမယ်
နောင်ခါသားတွေ စားရော့ကွယ်။

အဲ့ဒါဆိုကွယ် သာယာမဆုံး
ကမ္ဘာမြေဝယ် ပျော်လို့ပြုံး။ ။

**မိုးမိုး**



# ဝါကျွတ်ချိန်ခါ

ဝါကျွတ်လရဲ့ညသည်ချိန်ခါ
မီးထွန်းပွဲတော်ပါ။

ပျော်ရွှင်စရာ သည်ညချမ်း
မီးရောင်ထိန်ထိန်လျှမ်း။

သီတင်းကျွတ်ရဲ့ လပြည့်မှာ
လူကြီးကန်တော့မှာ။

ကျေးဇူးရှင်ဆရာများအား
အမြဲဦးထိပ်ထား။

အပြစ်ရှိလျှင် ကျေအောင်ပင်
နေ့တိုင်း ရှိခိုးချင်။

လေးစားဖွယ်ပင် မြန်မာများ
ဝတ်ပြုထိုက်စေသား။ ။

**ပုပ္ပါးခင်မောင်သန်း**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# အားသစ်

- ကျွန်ုပ်အသက် ၊ ခြောက်ဆယ်ထက်မှာ
ရောက်နေပါပြီ ၊ သေမည်ဆိုလျှင်
သေပျော်ပါပြီ။

- မသေခင်ထိ ၊ ဘဝင်ကိုထိ
လူတွေကိုသိ ၊ ပေးကြည့်ချင်တယ်။

- တစ်နေ့သောခါ ၊ သတင်းစာမှာ
စာရေးနည်းသင်တန်း၊ ဖွင့်စခန်းကို
ရှင်လန်းရင်အေး ၊ ဖတ်ရသေး၏
စာရေးဆရာ ၊ အသင်းသာမှာ
စာရေးနည်းတတ် ၊ သင်အပ်ပေးမည်
မြင့်မြတ်စေတနာ ၊ မြင်မိပါ၍
လျှပ်စွာမထောက် ၊ ချိန်မီရောက်သည်
နောက်မကျ အချိန်ကောင်းတကား။




- ပထမနေ့ ၊ ဖွင့်ပွဲနေ့က
ဆရာကြီးစကား ၊ နာကြားရတော့
ရင်ထဲမှာအား ၊ တိုးပွားလာမိ
အသိတွေလက် ၊ စွမ်းအင်တွေထွက်
အားအင်တွေဖြစ် ၊ စိတ်မညစ်တဲ့
ဘယ်လိုတွေး၍ ၊ ဘယ်လိုရေးပါ
ဘယ်လိုနှုန်း၍ ၊ ဘယ်လိုကုံးပါ
နည်းပေးလမ်းပြ ၊ အမှန်တွေပို့ချ
စေတနာဆန္ဒ ၊ ပေးစေတဲ့
ဆရာ့စကား ၊ ရင်ဝယ်ထားလို့
လူသားကောင်းကျိုး၊ စဉ်သယ်ပိုးမည်
မျိုးချစ်ယောကျ်ား ၊ ငါတကားဟု
ဝင့်ကြွားလိုက်ရပါသတည်း။ ။

**မောင်မောင်အေးမြင့်(လှိုင်)**

www.burmeseclassic.com

www.burmeseclassic.com





# မေတ္တာ


နေညိုညို
လေချိုသွေးတော့
မေပို့အေးလှတယ်။

မလုံပေါင်
ခြုံစောင်လွှမ်းတော့
မေဖို့လွှမ်းလှတယ်။

အိုကွယ်
ကိုရယ်ထွေးတော့
မေဖို့နွေးလှတယ်။ ။

**တိုးရွှေလင်း**





# အနာဂတ်အိပ်မက်

ရက်စက်ကြမ်းကြုတ်
ရမ်းမလုပ်
တဖြုတ်ဖြုတ်နဲ့ "ရော" ကုန်ပြီ။

ပညာမျက်ကန်း
လူ့ပေါက်ပန်း
ရမ်းသမ်းမှန်းသန်း "ထော" နေသည်။

အမှောင်ခေတ်က
တိဋ္ဌာဝ
ဒုက္ခထည်လည်း "ပေါ" ချဲ့ပြီး

ကြော် .....
ဤမြစ်ဆိုးတွေ
ထပ်ပြီး "မွေ့" လည်း
ကြုံလာသမျှ
ရင်ဆိုင်ကြ
"စွမ်းစ" ကိုယ်စီရှိကြစေ။
ရှိပါစေသား....ရှိစေသား။ ။

**ကြည်ညို**

www.burmeseclassic.com

www.burmeseclassic.com



# ငါးဖြာဂုဏ်အင်

## ကျေးရွာရှင်

✍ မြတ်စွာဘုရား ၊ ဟောကြားထားသည့်
တရားဒေသ ၊ နှုတ်ထက်ရက
ခဏခဏ ၊ တသသနှင့်
ရွတ်ရဖတ်ရ ၊ မှတ်ကြရဖန်
များလှပြန်သော် ၊ မှိုနီးကော်ရော်
ဖူးမျှော်ကြငြား ကုသိုလ်ပွားလိမ့်။

✍ သံဃာ့ကျေးဇူး ၊ တရားထူးများ
ကြားဖူးကြိမ်ဖန် ၊ များလက်ပြန်သော်
ဘေးရန်အပေါင်း ၊ လှန်ပြန်ပြောင်း၍
သူကောင်းသူတော်၊ ကောင်းကျိုးမျှော်ကြ
ပေါင်းဖော်မိတ်ဆွေ၊ တိုးပွားပေလိမ့်။

✍ မြင်းမိုရ်နှိုင်းယှဉ် ၊ ကျေးဇူးရှင်ဖြစ်
မိခင်ဖခင် ၊ ဆရာရှင်နှင့်
အမျှင်မပျတ် ၊ ဘဝဆက်က
ရစေက်ဆုံကြ ၊ တွေ့ဆုံရလည်း
ဆပ်ကြကျေးဇူး ၊ အကျိုးထူးလိမ့်။

✍ အနန္တဂုဏ် ၊ ငါးအင်စုံနှင့်
တွေ့ကြုံလာကြ ၊ ဤလောကဝ်
လောကဒေါသ ၊ မောဟကင်းက
သုခတုံစံ ၊ ဘဝင်ထံသို့
ရောက်ရန်မုချ သေချာကြလိမ့်။

**ရွှန်မိုးအိမ်(ဓာတု)**



# ဥသြ

နေဝင်နေထွက် ၊ ခါခါဆက်၍
ကျေးငှက်သံချို ၊ ကြိုင်တန်းညိုတွင်
မဆိုတစ်လှည့် ၊ ဆိုတစ်လှည့်နှင့်
ဆိုခဲ့ပြန်လည်း ၊ သည်းအူကွဲမျှ
စွဲလမ်းခေါ်ငင် ၊ အဖော်မင်ငှက်
တေးစဉ်ဆက်၍ ချိုတော့သည်။

မိခင်ငှက်မ ၊ ဥဥချချိန်
ဘဝအသစ် ၊ သူလျှင်ဖြစ်ခဲ့
အစစ်မဟုတ် ၊ အမယ်ဘုတ်ချည်
ဖောက်ရှုပ်သည်ကို ၊ ကျီးမဖိုကား
သိလိုငြားလည်း ၊ ချိန်ခါခွဲစဉ်
မျိုးကွဲအသွင် ထင်တော့သည်။

မိသားအစစ် ၊ သူမဖြစ်ခဲ့
အချစ်မဝင် ၊ အပြစ်မြင်ကာ
ရှောင်ကြဉ်ခဲ့ထွက်၊ သင်းကွဲငှက်ငယ်
အားပျက်ခေါ်ငင် ၊ တေးသံစဉ်ကို
ချစ်ကြင်တစ်လှည့်၊ လွမ်းတစ်လှည့်ဖြင့်
ဆိုခဲ့နွေမှာ ဖြစ်တော့သည်။

**ကိုးသန္တာ(ကိုးသန္တာမြင့်)**

www.burmeseclassic.com

www.burmeseclassic.com



# နေ့ရာ

✍ ချွေမျိုးတော့ ရန်သူထင်
သူစိမ်းကြတော့ သူချစ်ခင်
အပြင်အဆင်က ငြိမ်းချမ်းရေး
လုပ်ရပ်ကတော့ စစ်ချီတေး။

✍ ကြက်သီးထမှု၊ မျိုးချစ်ပြ
အော်ကြဆောင်ပုဒ်၊ ထုတ်ငြီးထုတ်
အလုပ်မဖြစ်၊ ကျွန်ဖြတ်နှစ်။

✍ အဖြူအမဲ မခွဲတဲ့ပန်းချီကား
တို့များအသည်း ဖွဲ့မြဲအက်ရာ
ပြဿနာအတွေးသစ်တစ်ခု။

✍ ဆောင်နန်းအပေါ်
ယောင်ယမ်းကာ အန်ထုတ်ချင်ပေမယ့်
ဖြစ်တည်ရာ ကမောက်ကမက
ရင်ထဲမှာစု။ ။

**နိုင်ပြည်သိမ်း(လမြမ်းမြေ)**



# ဆန္ဒ

✍ ပန်းပုဆရာ ၊ လက်ကြမ်းပါလည်း
ရုပ်မှာချောစေချင်ပါ၏။

✍ ပန်းပဲဆရာ ၊ အိုနေပါလည်း
ဓားမှာထက်စေချင်ပါ၏။

✍ အုတ်ဖုတ်သမား ၊ မီးပျော့ဖြားလည်း
ခံညားခိုင်ခံ့စေချင်၏။

✍ ကျောက်သွေးသမား၊ မသားနားလည်း
စိန်လားကောင်းစေချင်ပါ၏။

✍ လက်ဦးဆရာ ၊ မိဘမှာလည်း
ရင်မှာပေါက်ဖွား ၊ သမီးသားအား
ကြီးမားမေတ္တာ ၊ ကရုဏာနှင့်
လိုရာပုံသွင်း ၊ ဖယောင်းမင်းသို့
ထွန်းလင်းတောက်ပြောင်စေချင်သည်။ ။

**မိနိုင်နု**

www.burmeseclassic.com

www.burmeseclassic.com





# မိုးချစ်သူများ

သဲချောင်းလေးငယ်ငယ်
ဝိုမှာန်လယ် ပူသလောက်
ခမ်းချောက်ပါဘူး။
ရွှေဖားငယ် အုံ့အင်
ပြုံးရွှင်ကာ သုသံပြု
မိုးတုလို့မြူး။ ။

ရွှေမိုးရယ် သည်းစဉ်
ချောင်းတစ်ခွင် ရေလျှင်နဲ့
မျောတဲ့ဒိုက်ဦး။
နွားကြွန်ရုံ ဖော်သဟာ
ခုန်ပေါက်ကာ ပြေးတာရပ်
ချောင်းဖြတ်လို့ကူး။ ။

ကိုင်းတောနား ရေအိုင်
တူပြိုင်ကာ ညီညီလှမ်းပါလို့
ကျွဲတို့အိုင်လူး။
ချောင်းထက်က ဝံတားမြူ
နွားကျောင်းသူ လွန်ပျော်မြူး
တေးဟစ်လို့ကြူး။ ။

မကြည်ပြာ(သနှော)





# လရောင်ဝေးတဲ့ည

မေမေ့မေတ္တာ လမင်းမှာ
နှိုင်းယှဉ်တုလို့ မရပါ။

မေမေ့ရှင်ခွင် အေးမြတာ
လမင်းယှဉ်လို့ မရပါ။

မေမေမရှိတဲ့ ရင်ခွင်မှာ
လရောင်ဝေးတဲ့ ညပါမော။

အသက်ရှည်လျက် ပုံရိပ်လေး
တစ်ရက်လောက်တော့ မြင်ချင်သေး။


ဆုတောင်းရင်းသာ အကြိမ်ကြိမ်ဆို
ကောင်းရာမွန်ရာ ဘုံဘဝကို။ ။

ထက်ထက်စိုး

www.burmeseclassic.com

www.burmeseclassic.com





# ဆဆ်

ဒုံးဒုံးဒက်ဒက်
တုံးလုံးပက်လက်
သွေးချောင်းစီးလျက်
အာဃာတရှင် လက်ချက်။

ဒုံးဒုံးကြွက်ကြွက်
မီးခိုးဖုံးလက်နက်
သန်းခေါင်ညမှာ ဆူညံပွက်
လက်ယန်းတောင်းတောင် ဖြစ်ပျက်။ ။

**တောင်တွင်း တာဝိသောမ**





# ချိုးဖြူမ

သေနတ်သံတွေ ပျောက်သွားရင်
ဒို့ငြိမ်းချမ်းမှာပင်။

ဘဝင်အေးအောင် ကူသံပေး
ရွှေချိုးဖြူမလေး။

ပြည်ရေးသာဖို့ ဒို့တည်ထောင်
လူတိုင်းပင်ရွက်ဆောင်။

ပြည်ထောင်ဖွားတို့ ညီပါမှ
ငါတို့ငြိမ်းချမ်းရေး။

အေးမြစေရန် သူ့ကူသံ
ချိုးဖြူမလေးဟန်။

အားမာန်ဖြည့်ကာ ညာသံပေး
ငါတို့ငြိမ်းချမ်းရေး။ ။

**တာမိုးအောက်(ဒဝဲ)**

www.burmeseclassic.com

www.burmeseclassic.com



# ပုရွက်ဆိတ်သဘာဝ

ပုရွက်ဆိတ်လေး မောင်ဖိုးနီ
ဆန်စေ့လေးတွေ သယ်ပိုးချီ
ဘယ်ရာသီမဆို သူကြိုးစား
သားသားမီးမီး စားဖို့လား။

မြေကြီးတွေနဲ့ အိမ်ဆောက်နေ
ပုရွက်ဆိတ်တွေ ညီညာပေ
သူတို့တာတွေ အလုပ်များ
သားသားမီးမီးနေဖို့လား။

ကောင်းလှညီတက်တဲ့ သူတို့တွေ
နေ့ညမအိပ် နေနိုင်ပေ
ပုရွက်ဆိတ်တွေ ရန်ဖယ်ရှား
မျိုးဆက်သစ်တွေ အတွက်လား။ ။

**မစိမ်းရွက်လျှာ**



# ပြန်လည်သုံးသပ် တို့အိပ်မက်

ကဲ ... ဒါတောင် အောင်ခြေက မှန်းမရ
လွဲကာနောင် ဒီအဖြစ်ဆိုးတွေလို
မြသာဆောင် ကြည်သစ်ရိုး စိတ်တွေမြွတ်သည်။

မျှော်လိုပြီ တမ်းကာတ
လွမ်းရောက ကပိုကရို
စိတ်တင်ကြို တွေးထားလေသမျှ
ခံစားမှုတွေ သဲရေကျသို့
ချုပ်ယိုပြီ။

ပေတောကာ မှားမှန်းသိပေမယ့်
ရေသေမှာ အားစမ်းကြစေ "ဟဲ့" လို့
နေကြဖို့ ရေမကြည်
ဖြေမဆည် ကိုယ့်အမျိုးတွေပဲ။

စည်းမျဉ်းရေယ်ဆန်
တိုးကြောက်လျှင် အကုန်ခံဖို့
ပြန်ကြဲ့ရန် သေချာမလွဲ
ဝိုင်းညီလို့တွဲ ။ ။

**ကြည်ညီ၊**

www.burmeseclassic.com

www.burmeseclassic.com





# အတွေးကဗျာ

✍ နံနက်ချိန်ခါ ရောင်ခြည်သန်းတော့
ပန်းကလေးတွေ ပွင့်လိမ့်မယ်။

✍ ငှက်ကလေးတွေ ချိုချိုတေးနဲ့
ဆိုတဲ့တေးသံ ကြားရမယ်။

✍ တေးဆိုသံကို မြင်ကာတွေးလို့
ကဗျာရေးဖို့ စိတ်ကူးတယ်။


✍ ကဗျာတာရဲ့ လှအောင်ရေးမှ
ကဗျာလေးက လှလိမ့်မယ်။

✍ ကလောင်တံကို ကိုင်ကာရေးဖို့
ညီမလေးတို့ ကြိုးစားမယ်။

✍ ကြိုးစားမယ်....ကြိုးစားမယ်။ ။

**ခင်ချိုဝင်း**





# မြေနိမ့်ရာ လုံစိုက်

✍ အရွယ်မလေး၊ မဝိန်တာ
ဝိန်ဝိန်သေးသေး၊ ဘူခွန်ရှာ။

✍ တစ်ကိုယ်လုံးမှာ၊ ပြာမဲမဲ
ချွေးတွေကလွဲ၊ အကျိုးမြဲ။

✍ မရဲပါရဲ့ရှာထဲလား
ကာလသားတွေ ပျော်မဲ့အခါ။

✍ ကလေးတွေပေါက်၊ ချွေးတွေချောက်
ဝိန်တာ မျက်ရည်တာပေါက်ပေါက်။ ။


**နေမောင်မောင် (မှာပုံ)**

www.burmeseclassic.com

www.burmeseclassic.com



# သမီးလေး




မွေးမေ့ရင်သွေး
သမီးလေးက
ကြည်အေးသံသာ
ခွန်းဆက်ပါသော်
ရင်မှာစမ်းနယ်ဖီးသံတကား။

ချစ်သမီးလေး
မျက်နှာလေးက
ရွှင်အေးကြည်သာ
မေမြင်ပါသော်
ရင်မှာလနယ်ဝင်းပတကား။

မွေးမေ့ရှုမငြီး
ချစ်သမီးက
တီးတွက်လှလှ
ကွေးအောင်ကသော်
ရင်မှာလှိုင်းနယ်ထတကား။

မှန်တင်ခုံဝယ်
နှံ့သာခြယ်ကာ
ချစ်ဖွယ်မှုရာ
မေမြင်ပါသော်
ရင်မှာဝီတိ
ဥမ်းဆီထိနယ်အိတကား။





မွေးမေရင်နှစ်
သမီးချစ်က
လှစ်ဟစကား
ရွှင်အားရွှော
ပြောဆိုပါသော်
ရင်မှာစည်းလည်းသံနယ်ပါတကား။

ကဗျာကိုတွေး
စာကိုရေးရှိ
ချိုတေးသံအား
မွေးမေကြားသော်
ရင်မှာစောင်းသံငြိမ့်တကား။

စိန္တေရှင်နား
ထံတော်ပါးဝယ်
ထင်ရှားကာသာ
ဦးတင်ပါသော်
ရင်မှာပန်းနယ်လန်းတကား။ ။

တင်ဝင်း (သာယာနီးတွန်းမြို့)

www.burmeseclassic.com

www.burmeseclassic.com






# ရုပ်နှင့်နာမ်

အပြေးတစ်ထောက်စာ
ငွေကုန်ခံနိုင်
လှလည်းလှ၍
သို့သော်
စိတ်အလှသည်က
ယခုရောနောင်ပါ
ရုပ်အလှသည်က
အသားနာခံနိုင်လျှင်
တင့်လည်းတင့်အံ့
နာမ်တည်းဟူကာ
ကျင့်နိုင်ပါမှ
ကောင်းကျိုးရအံ့ ။

မသက်သက်အေး (ထားဝယ်)





# သန်း ၆၀ အား

ဘိုးဘွားလက်ထက်တောတစ်ခို
စိမ်းညို့မှိုင်းလို့စို။

မြန်ပြည်ထက်အောက် လက်ညှိုးရောက်
တောကြီးရှင်းရှင်းပျောက်။

လုပ်ကြပါဦးရေဝေဝေ
ခမ်းခြောက်ကုန်ပြီလေ။

စိုးရိမ်ပါနဲ့ မြန်ပြည်သား
သန်းခြောက်ဆယ်ရဲ့အား
စိုက်လိုက်စမ်းပါရက်ချင်းကွာ
နေ့ညစိုပြေမှာ။

တစ်ယောက်တစ်ပင် အားနဲ့သွား
သန်းခြောက်ဆယ်တဲ့ဗျား။

မကြာမီလေချိုအနော့။
မိုးငွေ့ပါပြီပေါ့။ ။

ဒေါ်ကြည်ဝင်း (ယဉ်တော့မေ)

www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်းချမ်းခြင်း

ဘဝဟူသည်၊ ခဏပွက်သည့်
ရေပွက်ပမာ၊ မှတ်ယူရာ၏။

ဘဝတိုတို၊ ခဏထို၌
ဝန်တိုတာတ်ခြင်း၊ စဉ်းလဲခြင်းနှင့်
ပူပြင်းလောင်မြိုက်၊ မနေထိုက်။

ရေပွက်မျှသာ၊ လူတကာ၏
မာယာလောင်မီး၊ ဒေါသကြီးမြင့်
ညီးညီးပူမြိုက်၊ မဖြစ်ထိုက်။

ဘဝတစ်ခု၊ ပြန်၍ရှုသော်
မွေးမှုသေမှု၊ ဤနှစ်ခုမှ
မတုနိုင်ရာ၊ မမွေ့တာတာည်း။

သို့ဖြစ်လေရာ၊ ရလာဘဝ
ထိုခဏ၌၊ အလှဝေဖြာ
မင်္ဂလာနှင့်၊ ပြည့်ဖြိုးတင့်ရန်
အဖန်ဖန်၊ မေတ္တာယှန်ဆင်ကြပါစို့။ ။

**သစ်သစ်**



# ပစ်တိုင်းထောင်

သားလေးမောင်မောင် ပစ်တိုင်းထောင်
နာမည်လေးနဲ့ လိုက်တဲ့မောင်။

တီတီတာတာ သူ့စကား
ဖေဖေမေမေချစ်တာအား။

အစားမျိုးစုံကျွေးသောခါ
အားရပါးရ သူစားတာ။

ပြိုင်ပွဲတိုင်းမှာ ပထမ
တခစ်ခစ်နဲ့ သူရယ်ပါပြီ။ ။


**မဆောင်းနှင်းဝေ**

www.burmeseclassic.com

www.burmeseclassic.com



# တို့တောရွာ လာလည်စေချင်



စိမ့်စမ်းရေအေး ၊ ချိုတေးဆိုပေ
အလှရွှေသော ၊ တို့တောရွာမြေ
နေပြောက်မထိုး ၊ ပင်မိုးယံနေ
လာလည်လှဲ့ ၊ ခင်တဲ့မိတ်ဆွေရေ။


တောင်စဉ်တောင်တန်း၊ ရွာလမ်းသာနေ
ရေမိုးမရှား ၊ စားဖွယ်လျှံစေ
စေတနာလည်း ၊ မနည်းပါလေ
လာလည်လှဲ့ ၊ ခင်တဲ့မိတ်ဆွေရေ။

ရာသီမှန်သော ၊ တောပန်းဝေဝေ
လေပွေချိုတိုင်း ၊ ရှုမိုင်းဖြာပေ
မွှေးမွှေးမွှေးပ ၊ ရနံ့လှူနေ
လာလည်လှဲ့ ၊ ခင်တဲ့မိတ်ဆွေရေ။

ပြုံးချိုရွှင်မြဲ ၊ ရွာထဲလူတွေ
ဆွေလာမယ့်လမ်း ၊ လှမ်းမျှော်ကြိုနေ
သေချာတစ်ခေါက် ၊ မြန်ရောက်လာစေ
လာလည်လှဲ့ ၊ ခင်တဲ့မိတ်ဆွေရေ။ ။

**စေတိုင်ထွဋ်(ပုသိမ်)**





# တို့လော ရွာဓလေ့

တို့လောရွာ ၊ သာယာပါပေ့
နံနက်ချိန်တေး ၊ နေရောင်ခွေးလျှက်
ရွက်ရွှေရည်လူး ၊ နေသောက်ကျူးသို့
သာရကာကျေးငှက် ၊ သီဆိုတျူးလျှက်။

ကြေးစည်သံလွှမ်း ၊ ရွာလယ်လမ်းမှ
ဆွမ်းခံကြွလာ ၊ ရဟန်းသံဃာ
အရွယ်ပေါင်းစုံ ၊ လူမျိုးစုံသည်
ကြည်ညိုမဆုံး ၊ ဝိတ်ဖုံးသား။

မိဘဘိုးဘွား ၊ လူအများတား
ရွာဇီထွက်ကုန် ၊ သီးနှံစုံကို
ချက်ပြုတ်ကြော်လှော်၊ ဆွမ်းလောင်းလှူသည်
ပျော်တပြုံးပြုံး ၊ ဝိတ်ဖုံးသား။

ရွာထိပ်ချောင်းဘေး ၊ တောင်ကုန်းလေးဝယ်
တည်ထားပုဇော် ၊ ရွှေစေတီတော်
မဟာဗောဓိ ၊ တံခွန်တိုင်ရှိ
ဖူးမျှော်မဆုံး ၊ ဝိတ်ဖုံးသား။

သာသနာရေး ၊ ဘယ်ခါပေးလည်း
မောပန်းမဟု ၊ ထမ်းရွက်ယူသည်
ဒါနဖြိုးဖြိုး ၊ ဝမ်းနိုင်နိုင်တည်း
သာစုခေါ်သံ ၊ ဘဝင်ညံ့ပါဘည်း။ ။


**ဥမ္မာ(တလော)**

www.burmeseclassic.com

www.burmeseclassic.com



# မာန်




✍ ကံ့ကော်ဝန်းရဲ့ ထိပ်ဆုံးမှာ
သင်ရောက်ကာနေတော့
သင့်မာန်စွယ်ဟာ ထောင်နိုင်တယ်။

✍ သင့်ထံမှာ ငွေအားဟာ
စုဝေးကာနေတော့
လိုတာရတယ်။

✍ သင့်ထံမှာ တပည့်များဟာ
ခစားကာနေတော့
ခိုင်းတာရတယ်။

✍ ကံ့ကော်ဝန်းဟာ သင့်ကိုတော့
တစ်ချိန်မှာ အောက်ဆုံးနေရာတော့
ပို့နိုင်တယ်နော့။





✍ ဒါကြောင့်လည်း ပျော်ရွှင်မှုဟာ
သင့်ထံမှာတော့
ရှာမတွေ့တော့။

✍ ဒီလိုအချိန်မှာ သင့်ထံမှာ
ငွေအင်အားဟာ
ပျောက်သွားမှာပေါ့။

✍ ထိုနည်းတူစွာ သင့်ထံမှာ
တပည့်တွေဟာ
ပျောက်သွားမှာပေါ့။

✍ ကံ့ကော်ဝန်းရဲ့ အောက်ဆုံးမှာ
ရောက်ရှိနေခိုက် သင့်မာန်စွယ်ဟာ
မထောင်နိုင်တော့။ ။

တောင်းတာပဲဖြယ်

www.burmeseclassic.com

www.burmeseclassic.com



# ပန်းဆက်သမား

တကယ်တော့
ကိုယ့်တာဝဟာ
မင်းအလှပြည့်စုံစေဖို့
ပန်းပန်ပေးချင်လျက်နဲ့
အရူးခက်တဲ့
နှင်းဆီတစ်ခက်ကို
ဆက်သမပေးနိုင်တဲ့ အဖြစ်မျိုးပေါ့
ချစ်သူရယ် .....။

နေမင်းရောင်



# မိဘမေတ္တာ

ယခုဆိုလျှင် ၊ ငိုသားငိုသမီး
ငိုရတာနာသည် ၊ လူလားမြောက်၍
လုပ်ငန်းခွင်ဝင် ၊ ကိုယ့်ပညာဖြင့်
ကိုယ့်ခြေထောက်ပေါ်၊ ရပ်တည်နေပြီ။

သို့သော်ငြားလည်း၊ ငိုမျက်စိထဲ
ငိုနှလုံးသားဝယ် ၊ ဖြူစင်နုနယ်
ကလေးရွယ်ကာ ၊ မတတ်နိုင်တော့
မိဘမေတ္တာ ၊ ပူပန်စွာဖြင့်
သေးမွှားကာစ ၊ လိုက်ပြောပြမိ။

"ရပါတင်ခင်ဗျာ" ၊ "ရပါတယ်ရှင့်"
"သိပြီးသားပါ" ၊ "အမေနဲ့အမေရာ"ဟု
ခွန်းတုန့်ပြန်တိုင်း ၊ မချိတင်ကဲ ရင်ထဲ၌
ကြေကွဲစိတ်ညှိုး ၊ ဝမ်းနည်းလေစွ ။

ငွေစင်ဟန်

www.burmeseclassic.com

www.burmeseclassic.com



# ရှာမှရှား

(၁) သင်ပေးပညာ
မယူပါ
ထင်တာလုပ်တတ်သည်။

(၂) ကာရုဏာထား
ကယ်သူအား
မှတ်သားရန်သူပါ။

(၃) တစ်ခွန်းစကား
သူမှတ်ထား
ဆိုညားအရူးပါ။

(၄) အရူးလို့ပင်
အများထင်
သူပင်မဟုတ်ပါ။

(၅) ပညာဆည်းပူး
သူကျေးဇူး
အထူးမသိပါ။

(၆) မမြင်သင့်တာ
သူမဖော
ပေါ်မှာမရှက်ပါ။

(၇) အရှက်မရှိ
သူလုပ်ဘိ
မကြည့်ဝံ့တာ အများပါ။

(၈) ယုတ်ယုတ်မာမာ
သူဥစ္စာ
ဖော်ကားပြတတ်သည်။



(၉) ပညာသိများ
သူစကား
မကြားဝံ့ကြပြီ။

(၁၀) ယနေ့မနက်ဖန်
မသိပြန်
သိမှန်ပစ္စုပ္ပန်။

(၁၁) ကာလသုံးမျိုး
မသိနိုး
စိတ်မျိုးတိရစ္ဆာန်။

(၁၂) အချိန်တိုင်းပေ
သူအိပ်နေ
စိတ်တွေရှုပ်နေကုန်ပြီ။

(၁၃) ခေါင်းတွေအုံ့တော့
အစုံပေါ့
လုပ်တော့မဟုတ်တာ။

(၁၄) သေမှာမကြောက်
သူဦးနှောက်
မကြောက်သတ်သူရှား။

(၁၅) ခင်ပွန်းသည်ကား
သတိစိတ်ပွား
သိထားဥပဒေ။

(၁၆) သည်းခံခြင်းပင်
နိဗ္ဗာန်ဝင်
စိတ်ပင်ချမ်းသာသည်။

www.burmeseclassic.com

www.burmeseclassic.com





(၁၇) ထိုထိုစိတ်များ
ပြည်သူ့ပွား
ခံစားသူခပင်း။
(၁၈) ကယ်ကြပါအုံး
လုပ်ပါအုံး
ရှောင်ပုန်းသူနဲ့သာ။

(၁၉) မကယ်နိုင်ဘူး
ကိုနှာဘူး
ခံဦးဒီဘဝသာ။
(၂၀) မခံနိုင်ပေါင်
ဝင့်ကိုဆောင်
သေအောင်ဆုတောင်းမှာ။

(၂၁) သူသေတော့မှ
ငို့ဒုက္ခ
မှုချအေးချမ်းမှာ။
(၂၂) ဒီကဗျာပုဒ်
တကယ်ဟုတ်
လန်ကျူပ်မရေပါ။

(၂၃) ဒီမိန်းမမျိုး
ရှာတွေ့နိုး
တိတ်တခိုးရှာကြည့်ပါ။
(၂၄) ရှာကာမှရှား
သူ့လိုများ
ကမ္ဘာလွှားမရှိပါ။ ။

**ဦးမြင့်သိန်း(မောင်အောင်မြတ်စော)**





# နိုင်းပွဲ့မမှီ မေတ္တာရည်

သားသမီးခြောက်ယောက်၊ လူလားမြောက်အောင်
ကျွေးမွေးပြုရ ၊ ယုယခဲ့ပါသော အမေ။

မိုးကောင်းကင်ထက်ကြယ်စင်လက်လည်း
မေ့မေတ္တာထက် ၊ ပိုမလက်နိုင်။

နေမင်းလမင်း ၊ အလင်းရောင်ထွက်
မေ့မေတ္တာထက် ၊ ပိုမလင်းလက်။

ဆွဲလည်းသံလေး ၊ ဘယ်လိုရိုးရိုး
မေ့အသံထက် ၊ ပိုမနက်နိုင်။

လွှမ်းပတ်ခြုံငုံ ၊ မေ့မေတ္တာတုံ့
ငါတို့အားမြ ၊ ရိုဝ်ရှိရစေ။

တန်နိုင်းမမှီ ၊ မေ့မေတ္တာရည်
ကဗျာမဖီ ၊ တာမညီ
ဖွဲ့လို့မမှီပါတကား။ ။

**မီမီတို**

www.burmeseclassic.com

www.burmeseclassic.com



# ရေခပ်ချိန်



ရွာကန်သာဦး
သာကြည်နူး
ကြာဖူးကြာစွယ် တင့်လှတယ်။

လုံမေတစ်သင်း
ရေခပ်ဆင်း
နေမင်းရောင်ဝါ ဖျော့ပြီကွယ်။

ဆင်မယဉ်သာ
ခြေလှမ်းကာ
မူယာဝိုလို့ လှကြတယ်။

သနပ်ခါးမွှေး
လေပြေသွေး
မွှေးမွှေးမြမြ ရှိလှတယ်။

တဲကျောဝေးသီ
ဆိုကြသည်
ဝီယသံဝါ ရှိလှတယ်။





စေတီတော်ဦး
ကြာပန်းဖူး
ချူချိုကာဝ်တယ် လုံမငယ်။

သံသရာတိုင်
တူဆုံပြိုင်
ပေါင်းနိုင်ပါဖို့ ဆုပန်တယ်။

နှမချစ်ဦး
မယုံသည်းဖူး
ရုးနှစ်ရင်မှ ချစ်စေဖွယ်။

ပုလဲဒါရွ
ချစ်သဲဥ
ရုးနှစ်ရင်မှ ချစ်စေဖွယ်။

ညနေခြည်ဆေး
ရေခပ်လမ်း
ပျိုထမ်းနေကျ ဝတ္တရားကွယ်။ ။

မေနှိဦး

www.burmeseclassic.com





# ပြောင်းလဲခြင်း

✍ သို့...
လူကြီးမင်း ဆက်သွယ်နေသော
ဖုန်းနံပါတ် ၀၉-၃၁၃၇၇၈၇၅ သည်
မှုလပိုင်ရှင်လက်သို့
ပြန်လည်ရောက်ရှိသွားသည်ဖြစ်ပါ၍
ချစ်ဖူးအောင်သည် ဆက်သွယ်မှုဧရိယာပြင်ပသို့
ရောက်ရှိနေပါသည်။

✍ ခေါ်ဆို၍ မရနိုင်ပါရှင်။ ။

**ချစ်ဖူးအောင်**

BURMESE CLASSIC .com





ဘဝဇာတ်ခုံ
ကျိုးလူ့ဘုံတွင်
တွေ့ကြုံဆုံကွဲ
ဖြစ်ရမြဲမို့
မလွှဲရှောင်သာ
သင်နှင့်ငါနှင့်
ကြုံလာယနေ့
ဆုံလာတွေ့သည်
တစ်နေ့နောင်ခါ
ခွဲရမည်မှာ
မမွှတာတည်း။ ။

**စလေဦးပုည**

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

အမှန်တရားအတွက်

"ပေးဆပ်ခြင်း" သည်

အနာဂတ်ဘဝအတွက်

အဖိုးထိုက်တန်သော

ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း

သမိုင်းကြောင်းများ၏

သမိုင်းကောင်းများမှ

သက်သေပြပါလိမ့်မည်။

သက်သေပြချက်များအတွက်

အားလုံးကို

ကျေးဇူးတင်ရှိပါကြောင်း . . .

**ပေးဆပ်ခဲ့သူများ**

BURMESE CLASSIC .com

www.burmeseclassic.com